www.dhammaransi.com



www.dhammaransi.com

ဥဒြမ်ာစိန္ဒသာသနာ-ရောင်ဝါနေသို့ထွန်းစေသော

# တရားအကျော်မြို့

## သဲအင်းဂူ

မူပိုင်

ရေးသားစီစဉ်သူ

**အောင်ကျော်**

ရဲအရာရှိဟောင်း

ပြည်သူ့ဆေးရုံ၊တွံ့တေးမြို့။

ဟံသာဝတီခရိုင်။

www.dhammaransi.com

ကင်းလွတ်ခွင့်အမှတ် ၀၉၁၆၊ ဘာသာရေးကင်းလွတ်ခွင့်အမှတ် ၃၃၃၀၊ ၃၃၃၀-က၊ ၃၃၃၀-ခ အရ ထုတ်ဝေပါသည်။

၁၃၃၁-ခုနှစ်၊
ပဥ္စမအကြိမ် အုပ်ရေ (၅၀၀၀)

ဦးအောင်ကျော်။

ပုံနှိပ်သူ .... ဒေါ်ကြည်ကြည်၊ အမြဲတမ်း မှတ်ပုံတင်အမှတ်(၀၅၀၂)အေးဇမ္ဗူ-စာပုံနှိပ်တိုက်၂၆ရန်ကြီးအောင်လမ်း မုန့်လုပ်ဆောင်းကုန်း ကြည့်မြင်တိုင်-ရန်ကုန်မြို့။

www.dhammaransi.com

# ရနိုင်သောဌာန။

(၁) သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း၊ မှော်ဘီမြို့။

(၂) ဦးဘသန်း၊ ကာယပညာဝန်ထောက်၊
(အငြိမ်းစား) တွံ့တေးမြို့။

(၃) ဒေါ်တင်ဦး၊ အထက်တန်းသူနာပြုဆရာမ၊
ပြည်သူ့ဆေးရုံ၊ တွံ့တေးမြို့။

(၄) ဦးသက်ပြင်း၊ဝိဇ္ဇာညီနောင်ထီဆိုင်၊
တွံ့တေးမြို့။

(၅) ဦးလှမြိုင်၊ အဆွေတော်ပုံနှိပ်တိုက်၊
ဘုရားလမ်း-တွံ့တေးမြို့။

www.dhammaransi.com

# ရဟန္တာဟု ကျော်ဇောသော ကျေးဇူးရှင်
# သဲအင်းဂူ ကျောင်း



ဆရာတော်ဘုရား ဦးဥက္ကဋ္ဌ ပုံတော်

www.dhammaransi.com



ဓမ္မကထိက ဦးကုသလ ပုံတော်

www.dhammaransi.com

# တရားမှတ်တမ်းအကျဉ်းချုပ်။

အများ ဒါန ဘဝက်ဆိုင်၊
သာဓု ခေါ်ပေး ခတ်မြိုင်မြိုင်၊
အာခံတွင်းက ပြန့်သင်းလျှိုင်၊
ခံသရာ တမျှော်ကဲ့လုံး မွှေးလို့ကြိုင်။

အကြောင်းမှာ လွန်ခဲ့သော ၁၉၆၉ ခု၊ ဖေဖေါ်ဝါရီလ (၇)ရက်နေ့မှ (၁၃)ရက်နေ့အထိ၊ ဟံသာဝတီခရိုင် ကော့မှူးမြို့နယ်တွင်၊ ထဲအင်းဂူဆရာတော်ဘုရားနှင့် ခမုံ ဆရာတော်ဘုရားထံသို့ သွားရောက်တရားနာခဲ့ရုံမျှမကဘဲ၊ တရားပါတပါ တည်းဆိုင်ခဲ့ရ၍ လက်တွေ့ဆည်းပူးရရှိခဲ့သည့် အသိတရားများတို့ကို အများပြည်သူများတို့အား ထုတ်ဖေါ်ရှင်းပြရန်လိုအပ်လိမ့်မည်ဟု ယူဆမိသောကြောင့်၊ အချို့သော ဓမ္မမိတ်ဆွေများအား၏ တောင့်တချက်ကို ဖြည့်စွက်လိုအပ်ပါသဖြင့် ဖွင့်ဆိုဆပ်ခြင်းဖြစ်ပါသည်။

လူသားများတို့သည် ဓါတ်ကြီးလေးပါး၏ ဖေါက်ပြန်မှုကြောင့်၊ ခန္ဓာကိုယ်အတွင်းမှာ၊ ပေါ်ပေါက်လာသည့်ဝေဒနာဒုက္ခကိုမခံစားလိုသည့်အတွက်၊ နီးစပ်ရာသမားတော်ဆရာဝန်များတို့ကို အားကိုးအားထားပြုသော်လည်း၊ နိဂုံးချုပ်၌ ရင်းသမားတော်၊ဆရာဝန်များတို့က၊ ပြုစုကုသသည့် ဆေးဝါးများတို့သည် လူသားများတို့၏ခန္ဓာကိုယ်၌ မည်သို့မျှစွမ်းဆောင်အလုပ်မလုပ်သည့်အခါ၊ သဘာဝကိုမလွန်ဆန်နိုင်၍ ပေါ်ပေါက်လာသည့်ဝေဒနာအပေါ် ပုထုဇဉ် လူသားများတို့သည်၊ အလို

www.dhammaransi.com



အလျောက်၊ ဒေါသဖြစ်ခါ၊ ရန်သူအဖွယ်ယူဆလျက် ရင်ဆိုင်တွေ့ဆုံချိန်၌ သေခြင်းတရားကို အရှုံးပေးကျောခိုင်းရပါတော့သည်။ သဘာဝအလျောက် ပေါ်ပေါက်လာသည့် ဝေဒနာအပေါ် သိးခံနိုင်စွမ်းရှိအောင်၊ ဒေါသ ဖြစ်ပေါ်လာခြင်းမှ၊ သညာ-အသိမှ ပညာ-အသိသို့ပြောင်းလွဲပြီး၊သဘာဝ ဖြစ်-ပျက် ခံစားမှုဝေဒနာဒဏ်ကို အသိကပ်လျက် ပစ္စုပ္ပန်တည့်တည့်ရှုမှတ်ပြီး၊ ဥပါဒ်ကြောင့် ဥပါဒ်ဖြစ်ပြီး၊ ဘဝမတွယ်တာပ်စေရန်နှင့် ထာဝရဇာတိဘဝချုပ်ငြိမ်းစေမှုကို အခြေခံလျက် အဓိကရေးသားတင်ပြရခြင်းဖြစ်ပါသည်။

အဆိုပါမှတ်တမ်းတွင်၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ အစစအရာရာ၊ အထက်ဖော်ပြထားသည့် သုံးမျိုးအနက် တမျိုးထက်တမျိုး ဆက်စပ် ပဋိပက္ခ ဖြစ်ပေါ် နိုင် စေ ရန် အကြောင်း အချက်အလက် ၂ဘး လုံးဝမပါရှိစေရန် အထူးဂရုစိုက်လျက် ရေးသားထားရခြင်းဖြစ်ပါသည်။

ဤမှတ်တမ်.ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ၊ ကိုယ်ရေးကိုယ်တာကိစ္စအံတွက် အဓိကမဟုတ်ဘဲ အထက်ဖော်ပြပါ ဆရာတော်နှစ်ပါးတို့၏ သာသနာရေးကိစ္စအဝဝ ဆောင်ရွက်ရာ၌ အထူးအထောက်အကူပြုစေရန်နှင့် ဓမ္မဒါနအဖြစ် ပါဝင်စေလိုသောဆန္ဒဖြင့် ထုတ်ဝေရခြင်းဖြစ်သည်ကို နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။

(ဓအောင်ကျော်)
ရဲအရာရှိဟောင်း
ပြည်သူ့ဆေးရုံ-တွံတေးမြို့
ဟံသာဝတီခရိုင်။

www.dhammaransi.com



ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ ထွန်းစေသောဝ်။

# ရည်ရွယ်ချက်။

ဤတရားရှင်းတမ်း ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ၊ စီးပွားရေးကို အဓိကထား၍မဟုတ်၊ ဂုဏ်ပကာသနကို အဓိက ထား၍မဟုတ်၊ အခြားအခြားသောဘာသာကို ထိခိုက်စေလို သောဆန္ဒဖြင့်ရေးသားခြင်းမဟုတ်ပါ၊ ဂေါတမမြတ်စွာဘုရား ၏ လမ်းစဉ်ကို သက်ဝင်ယုံကြည် အားကိုးအားထားပြုလိုသည့် ဓမ္မမိတ်ဆွေများတို့၏ အထောက်အကူဖြစ်စေရန်အတွက်၊ ခမု ဆရာတော်ဘုရား၏ ခွင့်ပြုချက်ဖြင့်ရေးသားလျှက် ကန်တော့ အပ်ပါသည်။

နဒီ သောတ မန်းရေကျ
မှတ်ကြ ရပ်နာမ်စင်

ရွှေစက်တော်သီတင်းသုံးသည့်-စလင်းဆရာတော်ဘုရား

ဦး ဝိစာရ ၏

သြဝါဒ၊

ဥပမာ။ ။(၁)ရွှေစက်တော်၊ မန်းချောင်းရေသည် အမြင့်မှအနိမ့်သို့သဘာဝအလျောက် စက္ကန့် တိုင်းစက္ကန့်တိုင်း၊ မိနစ်တိုင်းမိနစ်တိုင်း၊ စီးမြဲ ပင်စီး၍ ပြောင်းလဲသွားသည်ကို တွေ့ရှိပါ သည်။ သို့သော် ထိုရေသည် သာမန်မျက် စေ့ဖြင့်ကြည့်လျှင် ကုန်ဆုံးခန်း ခြောက် ခြင်းမရှိ၊ နောက်ရေသည် အစဉ်အမြဲ ဖြည့် တင်းပေးလျက်ရှိပါသည်။

www.dhammaransi.com

(၄) ဒုဋ္ဌမြတ်စွာသာသနာ-ရောင်ဝါစနသို့ထွန်းစေသောစ်။

အလားတူ တဘက်သို့ပြန်ကြည့်စို့ - နှစ်ပေါင်းနှစ်ရာကျော်က လူသားများရှိကြသေးသလား၊ မရှိပါ၊တလပြီးတလ၊ တနှစ်ပြီးတနှစ်၊ ပေါင်းလဲသွားသည်ကို တွေ့ရှိရပါသည်။ သို့သော် လူ့ပြည်၌လူသားများမရှိကြဘူးလား၊ရှိပါသည်၊ အထက်ဖော်ပြပါ မန်းရေစီးချောင်းသကဲ့သို့ လူသားများတို့ သည် လည်း ဖေ့ါ ဘ နာလိုက် ဖိုလိုက်-သေလိုက် စသည်အားဖြင့် မွေးဖွါးသူများတို့တလည်း တဖန် သေကြေပျက်ဆီး သွားသူများတို့ကို ပြည့်ဘင်းပေးလျက်ရှိကြပါသည်။

ဖြစ်ပျက်ပြောင်းလဲ၊ မရှိတာကို ရှိတယ်လို့ထင်တယ်၊ မနုဿလူသားများတို့သည်၊ အာရုံ(၆)ပါးကို လိုက်လျောကာ ဇိလေသာတဏှာများတို့၏ လွှမ်းမိုးမှုကြောင့် အလင်းမမြင် ဘမှောင်ကိုပင် အမှောင်မှန်းမသိ၊ ကာမဂုဏ်အမှောင်ကိုပင် ဟာသိမက်စုံလမ်းနေကြသည့် ပုထုဇဉ်လူသားများတို့က မရှိတဲ့ တရားကို ရှိတယ်လို့ထင်တယ်၊ ရှိတဲ့တရားအလင်း နိဗ္ဗာန်ကို ရှာကြံရှာဖွေခြင်းမရှိပါ၊ ကာမဂုဏ်ကိလေသာတဏှာ ချုပ်ငြိမ်း မှ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခမှ ကင်းရှင်း လွတ်ငြိမ်းမည်ဖြစ်ကြောင်း၊ ရှင်းပြအပ်ပါသည်၊

(က) (န) ဖွဲ့စည်းကာ၊
သူ့ဘက် ငါ့ဘက် စုံကြတာ၊
သူတော်ကောင်းခွဲခြားသုံးသပ်ပါ။

ခမုဆရာတော်ဘုရား ဦးကုသလ၏ဩဝါဒ။

မနုဿလူသားများတို့သည်၊ကာမဂုဏ်ကိလေသာတဏှာ များတို့၏ လွှမ်းမိုးမှုကြောင့် မရှိတာကို ရှိတယ်လို့ထင်တယ်၊

www.dhammaransi.com



မရှိတာကို မက်မောကြတယ်၊ ရှိတာကို လိုက်လံ ကျင့် သုံးခြင်းမရှိပါ။

မရှိတာက(ဇ) (တဏှာ) ပုထုဇဉ် လူသားများတို့သည် တရားသောနည်းလမ်းဖြင့်ဖြစ်စေ၊ မတရားသောနည်းလမ်းဖြင့်ဖြစ်စေ၊ နည်းအမျိုးမျိုးတို့ဖြင့် သား-မယား ဆွေမျိုးများတို့အတွက်၊ ပစ္စည်း-ဥစ္စာရှာဖွေစုဆောင်းနေချိန်၌၊ နောက်မရည်ရွယ်ဘဲ သေခြင်းတရားကို မလွန်ဆန်နိုင်သဖြင့် ဥပါဒါန်နှင့်လမ်းမှတွယ်တာပြီး ဘဝလက်လွှတ် ကျောခိုင်း အရှုံးပေးကြရပါတော့သည်။ မွေးရ၊ နာရ၊ အိုရ၊ သေရသည့် ဘဝကို စွဲလမ်းတတ်မက်ကြသူများတို့သည် ပုထုဇဉ်လူသားအစစ် ဖြစ်ပါသည်။

ရှိတာကတော့ (န) (နိဗ္ဗာန်) အရိယာ လူသားများတို့သည် အထက်ဖော်ပြပါ တတ်မက်စွဲလန်းမှု ကာမဂုဏ်ကိုလေသာတဏှာများတို့ကို အစဉ်အမြဲပါယ်ဖျက်လျက် မမွေးရ မအိုရ၊ မနာရ၊ မသေရသည့်၊ ထာဝရအလင်းသို့ ရောက်အောင်ကြိုးပမ်းအားထုတ် ကျင့်ကြံကြသူများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။

မွေးတာရှိရင်၊ မမွေးတာရှိတယ်၊ နာတာရှိရင် —မနာတာရှိတယ်၊ အိုတာရှိရင်-မအိုတာရှိတယ်၊ သေတာရှိရင်-မသေတာရှိသည့် ခန္ဓာကိုယ်ချုပ်ငြိမ်းရာ ထာဝရအလင်းသည် နိဗ္ဗာန်ဖြစ်ပါသည်။

www.dhammaransi.com

## (၆) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသော်။

ဥပမာ(၂) နေအိမ်အဆောက်အဦးတခု၏ တံခါးများ ဖွင့်ထားခဲ့လျှင် အမှိုက်သရိုက်ဖုံများ၊ အစုလိုက် · အပြုံလိုက်၊ ဝင်ရောက်နှောက်ယှက် သကဲ့သို့ မနုဿ လူသားများတို့၏တံခါး (၆)ပေါက်ဖြစ်သည့် မျက်စေ့၊နှာခေါင်း၊နား၊ပါးစပ်၊ ကိုယ်၊ စိတ်၊ မထိန်းသိမ်းနိုင်သည့်အတွက် အဆက်ပေါ်ပြုပါ အမှိုက် သရိုက် ဖုံ၂မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ များတို့ ကြောင့်ဖြစ်ပေါ်လာသည့်ဘဝ အထက်·အောက် သုံးဆယ်တ ဘုံအတွင်း သံသရာကျင်လည်ခဲ့ရခြင်း အကြောင်းကို အခြေခံ လျက်၊ ခမုံ ဆရာတော်ဘုရားနှင့် သဲအင်းဂူ ဆရာတော်ဘုရား တို့က အကျိုးကြောင့်·အကြောင်းဖြစ်၊ အကြောင်းကြောင့်· အကျိုးဖြစ်၊ အကျိုး·အကြောင်း·အကြောင်း·အကျိုး များတို့ ကို အပြန်ပြန် အလှန်လှန် ဟံသာဝတီခရိုင် ကော့မှူးမြို့နယ် တွင် ရှင်းလင်းတရား ဟောကြားခဲ့ပါသည်။

ကုသိုလ်ကံထောက်မ၍ သာသနာတော်အတွင်း လူ့ဘဝကို ရကြသော ပုဂ္ဂိုလ်များတို့သည်၊ အပါယ်ဘေးမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်ရန်မှာ အလွန်အရေးကြီး ပါသည်၊ ထိုကြောင့် အပါယ်ဘေးသံသရာမှလွတ်ရန် သက္ကာယဒိဋ္ဌိကို ပယ်နိုင်မှ လွတ်နိုင်မည်ဖြစ်ကြောင်း ဘုရားရှင်ကိုယ်တိုင် ဟောတော်မူခဲ့သည်။

သက္ကာယ ဒိဋ္ဌိကို ပယ်ရန် လိုရင်းအကြောင်းမှာ ရုပ်၊ နာမ်၊ ပညတ်၊ ပရမတ်၊ သစ္စာလေးရပ်၊ ပဋိစ္စသမုပ္ပါဒ် စသည့် တရားတော်ကိုနားလည်၍ ယောနိသော၊မနသိကာရ မှန်ကန် သောနှလုံးဖြင့် ကျင့်ကြံအားထုတ်ရန်လိုအပ်ပေသည်။

www.dhammaransi.com



ဘုရားရှင်အလိုတော်အတိုင်း ယထာဘူတ၊ မှန်ကန်သည့် တရားနည်းလမ်းကို ပို့ဆောင်ပေးနိုင်မည့် ကလျာဏမိတ္တ၊ ဥပနိဿ ဆရာကောင်း-ဆရာမြတ်ကို စုံစမ်းရှာဖွေဆည်းကပ်၍ ထိုဆရာ၏ ဆိုဆုံးမဩဝါဒ နည်း နိဿ နာခံမှတ်သား ကျင့်ကြံအားထုတ် နှလုံးသွင်းမှသာ အဘိဓမ္မာတရားတော်ကိုဟုတ်တိုင်း မှန်စွာ သိနားလည်၍ လိုရာအလင်း နိဗ္ဗာန်သို့ ရောက်နိုင်မည်ကို ယုံကြည်အပ်ပါသည်။

(စောအောင်ကျော်)
ရဲအရာရှိဟောင်း
ပြည်သူ့ဆေးရုံ-တွံတေးမြို့။
ဟံသာဝတီခရိုင်။

..........................................................

www.dhammaransi.com

## ဗုဒ္ဓမြတ်စွာသာသနာ

# ရောင်ဝါနေသို့-ထွန်းစေသော်ဝ်း

ရဟန္တာဟု ကျော်စောသော၊ သဲအင်းဂူ ဆရာတော်—ဘုရား ဦးဥက္ကဋ္ဌ နှင့် ဓမ္မကထိက ခမု ဆရာတော် ဘုရား ဦးကုသလ တို့သည်၊ ဟံသာဝတီခရိုင် ကော့မှူး မြို့နယ်တွင် မြန်မာပြည်၌ ပထမအဦးဆုံး အကြိမ်အဖြစ် (၂) နာရီအချိန် ကန့်သတ်လျက် နေ့စဉ် (နံက် ၆-နာရီမှ ၈-နာရီ တကြိမ်၊ နေ့လည် ၂-နာရီမှ ၄-နာရီတကြိမ်၊ ညနေ ၇-နာရီမှ ၉-နာရီ တကြိမ်) တနေ့ ၃-ကြိမ်၊(၇)ရက်တိုင်တိုင် ဆရာတော်နှစ်ပါး တို့က ကြပ်မတ်၍၊ ကော့မှူး၊တွံတေး၊ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ သုံးမြို့နယ်မှ ပရိသတ်ပေါင်း ၁၅၀၀-ကျော်တို့အား နိုင်နင်းစွာ တရားဟောပို့ချပုံ အကျဉ်းချုပ်မှတ်တမ်း။

၁၉၆၉-ခု၊ ဖေဖေါ်ဝါရီလ (၇) ရက်မှ
ဖေဖေါ်ဝါရီလ (၁၃) ရက် နေ့ အထိ။

ထိမှု၊ သိမှု၊ ထိုနှစ်ခု၊ သတိကြပ်ကြပ်ပြု၊ စွန်းလွန်း
အချိန်ကောင်းလို့၊ ပိန်ဖေါင်း၊ မဟာစည်
အကြီး မယုတ် မိုးကုတ်၊ မဟာထေရ်

www.dhammaransi.com

## (၁၀) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသောဝ်။

ရုပ်ဖေါက်ပြန်၊ နာမ်ခံစား၊ သက်သာလိုက်
မသက်သာလိုက်၊ ဟိုပြန်-ဒီပြန်၊ အပြန်ပြန်-အလှန်လှန်
သာမည လက္ခဏာ ရှေ့ဦး ဆောင်သည့်
လက်ရှိ သာသနာဝယ်(၂၁)လ တရားတံခိုးဖြင့်
တမူထူးသည့် အမြဲလင်း ဇွဲတင်း သဲအင်း
အသက်ဝင်လာပြန်ပြီ။

အကြောင်းမှာလွန်ခဲ့သော ၁၉၆၉-ခု၊ ဖေဖေါ်ဝါရီလ (၂)ရက်နေ့မှ (၁၃)ရက်နေ့အထိ ပဲခူးတိုင်း၊ ကော့မှူး မြို့နယ်တွင် အထက်ဖေါ်ပြပါ ဆရာတော်များထံသို့ သွားရောက် တရားနာခဲ့ရုံမျှမကဘဲ တရားပါတပါတည်း ထိုင်ခဲ့ပါသေးသည်။

ထိုကဲ့သို့ တရားနာ၊ တရားထိုင်ခဲ့ရ၍ ကိုယ်တွေ့ဆည်းပူး ရရှိခဲ့သော အသိတရားများတို့ကို အများပြည်သူတို့အား ထုတ်ဖေါ်ရှင်းပြရန်လို မည်လိမ့်မည်ဟု ယူဆမိသောကြောင့် အချို့သော ဓမ္မမိတ်ဆွေများတို့၏ တောင့်တချက်ကို ဖြည့်စွက်လိုအပ်ပါသဖြင့် အောက်ပါအတိုင်း ဖွင့်ဆိုခြင်းဖြစ်ပါသည်။

## အမြဲလင်း၊ ဇွဲတင်း၊ သဲအင်း၊ ကံတရား၊ ဥာဏ်တရား၊ ခွဲခြားဟောခြင်း။

(စာရေးသူနှင့် မိတ်ဆွေတဦးဆွေးနွေးခန်း)

ကုန်ရှုံးတော့ - တခေါက်
လင်ကုန်ရှုံးတော့ - တယောက်
တရားကုန်ရှုံးတော့ - တသံသရာလုံးမှောက်။

www.dhammaransi.com



ဟံသာဝတီခရိုင် ကော့မှူးမြို့နယ်တွင် ခမ့ ဆရာတော်ဘုရား ဦးကုသလ ဟောကြားခဲ့သည့် တရားလက်ဘကလေးကို ရွတ်နေချိန်၌ ရင်းနှီးသော မိတ်ဆွေတဦးက၊ လာရောက်ပြီး ဘာတွေ ရွတ်ဘတ်သရဇ္ဈာယ် လုပ်နေသလဲဟု ပြောကြားသည့် အခါ အောက်ပါအတိုင်းဖြေကြားအပ်ပါသည်။

သဲအင်းဂူ ဆရာတော်ဘုရား ဟော တော် မူ သည့် အတိုင်းဆိုလျှင် ကြောက်လန့်စရာဘဲ။

မိတ်ဆွေ - ဘာကြောက်လန့်စရာလဲ

အောင် - လူသေရင်လူမဖြစ်ဘူးဆိုဘဲ

မိတ်ဆွေ - ဟုတ်တာပေါ့၊ လူ့အလုပ်လုပ်မှ လူလို့ခေါ်တာ လူတော့ဟုတ်ပါရဲ့၊ လူ့ကျင့်ဝတ်နှင့် မပြည့်တဲ့လူကို လူလို့ခေါ်ပါမလား။ လူ့အသွင် တိရိစ္ဆာန်စိတ်ဖြစ်မှာပေါ့၊ ဒါကြောင့် တိရိစ္ဆာန်သာသာဘဲ အတိုချုံး၍ ခေါ်ရတော့မှာပေါ့။

အောင် - ဟုတ်တော့ဟုတ်ပါတယ်

မိတ်ဆွေ - ကဲ-လူသေရင် ဘယ်ကိုသွားသလဲ၊ စကားအဆန်းလေးမေးပါရစေ၊

အောင် - သိအောင်တရားအားထုတ်ကြည့်ပေါ့

မိတ်ဆွေ - ဒီလိုဆိုအားထုတ်ကြည့်ရမှာပေါ့၊ မသိချင်ယောင်ဆောင်မနေပါနဲ့၊ ကျွန်တော်ကြားရတာကတော့ ခင်ဗျားတို့တအိမ်သားလုံး ကော့မှူးသွားပြီး (၆) ရက်တိုင်တိုင်၊ သဲအင်းဂူ ဆရာတော်ဘုရားကြီး၏၊ တရားတော်ကို နာယုံသာမကဘဲ၊ တရားတောင်

www.dhammaransi.com



တပါဘည်း ထိုင်ခဲ့သေးတယ်ဆိုတဲ့၊ ဘာများအသိ ထူးခဲ့သလဲ၊ ရှင်းပြပေးပါအုံး။

အောင် - သိချင်တော့ပြောရမှာပေါ့၊ မသိချင်တဲ့သူကိုပြော မှ ခံမှာမဟုတ်ဘူး။ တရားဆိုတာ ထိုင်မှသိ တာ၊ မထိုင်တဲ့သူက ဘယ်သိမလဲ၊ ဆရာတော်ဘုရားက အပြော ာမားမဟုတ်၊ အလုပ် သမား အ စစ် ဖြစ် ပါသည်။

မိတ်ဆွေ - ဆက်ပြောပါအုံး၊

အောင် - ကျွန်တော် ရင်ကြပ်တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား။

မိတ်ဆွေ - ဟုတ်တယ်လေ၊ ဒါဘာဆန်းသလဲ

အောင် - ဆန်းတာပေါ့၊ သိတ်ဆန်းတာပေါ့၊ ဆရာတော် ဘုရား သင်ကြားပို့ချခဲ့တဲ့နည်းအတိုင်း၊ လိုက်နာ ဆောင်ရွက် ကြည့်ရာ၊ မိမိ၏ ရင်ကြပ်ရောဂါသည် လုံးဝ ပျောက်ကင်းခြင်းမရှိသော်လည်း သက်သာ သည်၊ ယခင်မူလထက် အဆမတန်ခံနိုင်ရည်ရှိသည်၊ သုံးကြိမ်တိုင်တိုင် ဝေဒနာချုပ်ငြိမ်းဘူးသည်၊ တရား ထိုင်ခါစ မိနစ်(၂၀)အကျင်း ဝေဒနာ၏အရှိန်သည် [illegible]နှိပ်[illegible] ပေါက်၍ [illegible]ည်[illegible]ခံနိုင်လောက်သည့်အ [illegible] [illegible]ကျက်လုခမန်း နီးနီး ဖြစ်ပေါ်လာပြီး [illegible] [illegible] ယှဉ်၍ ဝေဒနာကို ဘောင်ချိန်ပြီး [illegible] ဘည်း ပြောင်းလဲပြုပြင် ဆ တ် ရှု ရှုံ့ကလျှက၊ ဝေဒနာကိုစိုက်ရှုခြင်းမပြုဘဲ၊ ဖြန့်ရှုရ မည်ဟူ၍ ဆရာတော်ဘုရားက၊ အမိန့်ရှိထားသည်

www.dhammaransi.com



ကို သိရှိသောကြောင့် လိုက်နာဆောင်ရွက်ကြည့်ရာ ဝေဒနာ၏အရှိန်သည် နောက်ထပ် ပိုမိုတိုးတက်လာခြင်းမရှိဘဲ၊ တဖြည်းဖြည်းလျော့နည်း ပျောက်ဆုံးသွားသည်အထိ ခံစားခဲ့ရပါသည်။ နာမ်၏သဘောမှာ ခံစား--ချုပ်မငြိမ်ခြင်းတည်းဟူသော အနတ္တသဘောတရားကိုသဘောပေါက်ခဲ့ပါသည်။ တရားကို အားကိုးလိုသောစိတ် ပေါ်ပေါက်သည်၊ စိတ်ပျော်ရွှင်သည်၊ ဝေဒနာကိုနိုင်နင်းခြင်းသည် ဘုရားဟောဖော်ကျူးခဲ့တရား ခုနစ်ပါးနှင့် ကိုက်ညီသည်ကို တွေ့ရှိရပါသည်။ ဓမ္မမိတ်ဆွေများအားလုံးတို့သည် သဘောပေါက် နားလည်အောင် တိုတိုတုတ်တုတ် အောက်တွင်ထပ်မံရှင်းပြပါအုံးမည်။

တရားအားမထုတ်မီ တရားယောဂီများတို့ကို အောက်ပါအတိုင်း ပရိက်ပြုပါ၊ ထိုနောက် ....

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**(သုံးခေါက်ဆို)**

မြတ်စွာဘုရား ဘုရားတပည့်တော်တို့သည် ယခု တရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏၊ ကပ်လှူပါ၏၊ ပူဇော်မ၊ ပူဇော်ပါ၏၊ အရှင်ဘုရား။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး လှူဒါန်းရသည့်အကျိုး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏၊ အရှင်ဘုရား။

www.dhammaransi.com

(၁၄) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသောစ်။

ကမ္ဘဌာန်းဆရာ ဖြစ်တော်မူသော သဲအင်းဂူကျောင်း ဆရာတော်အရှင်သူမြတ်ကြီးဘုရား။ ဘုရားတပည့်တော်တို့သည် ယခု တရားအားထုတ်ဆဲအခါ၌။ ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်ကိုရည်မှန်း၍။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏၊ ကပ်လှူပါ၏၊ ပူဇေးမ၊ ပူဇော်ပါ၏၊ အရှင်ဘုရား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး လှူဒါန်းရတဲ့အကျိုး ဆရာတော်ဘုရားကြီး၏ သိအပ်သော ဓါတ်တရား ပရမတ္ထရား ရုပ်တရား နာမ်တရား သစ္စာတရားတို့ကို၊ ဘုရားတပည့်တော်တို့အား ပေး-သနားတော်မူပါအရှင်ဘုရား။

ဘုံသုံးဆယ့်တစ် ရှိရှိသမျှ အနန္တဝယ် ကုန်းမှာနေ ကိုးကုဋေ။ ရေမှာနေဆယ်ကုဋေ ကုန်းသတ္တဝါ ရေသတ္တဝါ သမ္ဘဝသတ္တာ၊ သတ္တဝါအပေါင်း ကြောငွေ့တံတိုင်း သီတာ ပါတ်ကုန်း ကုန်းမကျန် ရေမကျန် ဆထက်ဘငက် အောက် အဝီစိအထိ သုံးဆယ့်တဘုံ ကျဉ်လည်ကြကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ကို။ ကျွန်ုပ်တို့၏၊ ဒါနကုသိုလ်။ သီလ ကုသိုလ်။ ဘာဝနာကုသိုလ် ( အဋ္ဌခါန် ပါရမီကုသိုလ် ) တို့ကို အကျွန်ုပ်တို့နှင့်ထပ်ဘူထပ်မျှရကြရအောင် အားလုံးကြားကြား သမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော

အရိယာသူတော်ကောင်းများ ပို့ပသောမေတ္တာ ပေး ဝေသော ကုသိုလ်အဘို့ကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက် ဝမ်းသာနှင့် သာဓု...သာဓု...သာဓု....

www.dhammaransi.com



တရားအားထုတ်သည့် ပုဂ္ဂိုလ်များ တို့သည်၊ ဝင်လေ-ထွက်လေကို မိမိခန္ဓာကိုယ်နှင့် နှိုင်းယှဉ်၍ မဖွဲ့မ ပဋိပဒါဖြင့် ရှုမှတ်ပါ။

ထိုကဲ့သို့ရှုမှတ်ချိန်၌ ဝေဒနာမခံစားမိ အချိန်အတွင်း အာရုံ၌ အသုဘနိမိတ်ပေါ်လွင်အောင်စွဲမှတ်ပါ၊ အသုဘနိမိတ်မပေါ်ခဲ့သည်ရှိသော်ပေါ်သည့်အရာဝတ္ထုအပေါ် အစ-အလယ် အဆုံးအထိ၊ မှတ်သားပြီး ထိုနောက် ထိုအရာဝတ္ထုသည် မည်ကဲ့သို့တဖြည်းဖြည်း ပျောက်ကွယ်သွားသည့်တိုင်အောင် စောင့်ဆိုင်းလျက် အနတ္တသဘောပေါက်အောင် မှတ်သားပါ။

ဝေဒနာပေါ်လာလျှင် ဝေဒနာကို အာရုံ ပြောင်း လွှဲ ခတ်စပ်စပ်ရှုမှတ်စေလိုသည်ကို အထူးသတိပြုစေလိုပါသည်။

ဥပမာ–ပြရလျှင်၊ ကတ္တတ်ပေါက်က အစာကို စောင့်ဆိုင်းနေသော ဗျိုင်းဟာ၊ ပေါ်တဲ့ငါးကိုလဲ ပြန်မကြည့်ဘူး၊ မပေါ်တဲ့ ငါးကိုလဲလှမ်းမကြည့်ဘူး၊ ရှေ့မှာပေါ်လာတဲ့ငါးကိုသာ ပစ္စုပ္ပန်တဲ့တဲ့ ဇတ်ခန် ကောက်ယူသကဲ့သို့ တရားအားထုတ်တဲ့အခါ အတိတ်ကိုလဲမတွေးဘဲ အနာဂါတ်ကိုလဲမကြံစည်ဘဲ၊ ပစ္စုပ္ပန်တဲ့တဲ့ ဖြစ်ပျက်မှုကိုသာရှုမှတ်ပါ၊ခန္ဓာကိုယ်အပျက်ကို သမာဓိအားကောင်းလျှင် ကောင်းသလို မြင်နိုင်ပါတယ်၊ ရှုနေတာကိုလဲအရှုမရပ်ဘဲ သူ့သဘောအတိုင်း မှန်မှန်ရှုပေးပါ၊ ခံစားမှုဝေဒနာက ပြင်းထန်လာလျှင် ရှုတာကလဲ သူ့သဘောနဲ့သူ ပြင်းထန်ရှုပေးပါ၊ ဝေဒနာ ဘောင်ချိန်ခြင်းဆိုသည်မှာ ဝေဒနာ ၅၀-သားဆိုလျှင် အဲ ရှု က လဲ

၅၀-သား၊ ဝေဒနာ ၁၀-သားဆိုလျှင် အရှုကလဲ ၁၀-သား၊ ဖြစ်မြောက်အောင် သမာဓိချိန်ခွင်လျှာကဲ့သို့ ဘောင်ချိန်ကိုက် အောင်ရှုဘို့အရေးကြီးပါတယ်၊ ဝေဒနာသည် အဆမတန်ပြင်း ထန်လာလျှင် အရှုကလည်း တပါတည်း ပြင်းထန်ရှုပေးပါ၊ မိမိခန္ဓာကိုယ်နှင့်တိုင်းထွာပြီး ဝေဒနာကိုအနိုင်ရပုံမပေါ်ခဲ့သည် ရှိသော်၊ အရှုကိုခေတ္တရပ်ဆိုင်းလျက်၊ (ဥပက္ခာဝေဒနာ)ဖြင့်သူ့ သဘာဝသဘောတရားကို အဆုံးတိုင်အောင် လေ့လာမှတ်သား ပါ၊ ထို့နောက်တဖန် မိမိခန္ဓာကိုယ်နှင့်ချိန်ဆပြီး မဇ္ဈိမပဋိပဒါ ဖြင့် ပြောင်းလဲရှုပေးပါ၊ ဝေဒနာနွန်းသွားလျှင် ရှုတာက လဲ သူ့သဘာနှင့်သူ နွန်းသွားအောင် လိုက်လျောပေးပါ၊ သူ့သဘာနှင့်သူဖြစ်တာကို ကိုယ့်သဘောဖြစ်အောင် မပြုပြင် ပါနဲ့၊ သူ့သဘောနဲ့သူဖြစ်တာက၊ (အနတ္တ) ကိုယ့်သဘော ဖြစ်အောင် ဖန်တည်းပေးလျှင် ( အတ္တ ) ဖြစ်သွားလိမ့်မည်ကို အထူးသတိပြုပါ။

ချုပ်ချက်—ဝေဒနာဘောင်ချိန်တဲ့အခါ၊ ကိုယ့်သဘော နဲ့ပြုပြင်ပေးခြင်း မဟုတ်ဘဲ၊သဘာဝသဘော ဖြင့် ပေါ်လာတဲ့ဝေဒနာကို ဝိပဿနာဉာဏ် ဖြင့်အသုံးပြုလျက်၊ လိုက်လျောပေးခြင်းသာ ဖြစ်သည်ကို မှတ်သားရပေမည်။

သဘာဝအလျောက် ပေါ်ပေါက်လာသည့် ဝေဒနာကို စိုက်ရှုခြင်းနှင့် ဖြန့်ရှုခြင်း သဘောတရားများတို့ကို ထပ်မံ ရှင်းပြပါအုံးမည်။

www.dhammaransi.com



ဒါကအရေးအကြီးဆုံးဘဲဗျ၊ ဝေဒနာပြင်းထန်လာတဲ့ အချိန်မှာ ဝေဒနာခံစားသည့် နေရာကွက်တနေရာတည်း အာရုံစိုက်မှတ်သားမည်ဆိုပါက မခံမရပ်နိုင်လျက် လက်လျှော့ပေးခြင်တဲ့စိတ်၊ အရိယာပုဒ်ဖျက်လိုသောစိတ်၊ ပေါ်ပေါက်လာမည်ကတကြောင်း၊ ထိုကဲ့သို့စိုက်ရှုရာမှ ဝေဒနာကိုနိုင်နင်းခြင်း မရှိပါက၊ နောက်ထပ်တရားအားထုတ်ရန် ကြောက်စိတ်များ ဝင်လာတတ်ကြသည်ကို သိရှိသဖြင့် ဆရာတော်ဘုရားက၊ ဝေဒနာကိုသည်းခံနိုင်တဲ့ အစွမ်းရှိအောင် ဝေဒနာကို တနေရာတည်း၊ စိုက်ရှုမှတ်သားခြင်းမပြုဘဲ၊ တကိုယ်လုံးဖြန့်လျက်အာသက်ပြင်းပြင်းရှူရှိုက်ပေးရန် အမိန့်ရှိထားပါသည်၊ ထိုမှသာ ခန္ဓာကိုယ်တကိုယ်လုံး၌ လေများဖြန့်သွားပြီး ဝေဒနာခံစားမှုဒဏ် သက်သာစေမည်ကို ညွှန်ပြအပ်ပါသည်။ ဝေဒနာချုပ်ငြိမ်းစေရပေမည် အထူးသတိပြုပါ။

မနုဿလူသားများတို့၏ ခန္ဓာကိုယ်မှ ဓါတ်ကြီးလေးပါး၏ ဖေါက်ပြန်မှုကြောင့် ပေါ်ပေါက်လာသည့် ဝေဒနာကိုသည်းခံပြီး အာနာပါနာဖိုဖြင့်ထိုးလျက် တိုက်ခိုက်ရှုမှတ်အနိုင်ရ၍၊ ရေသောက်မြစ်ကြီးကဲ့သို့ ရပ်တည်လျက်ရှိသော ငါတည်းဟူသောအတ္တစွဲကို ဖြုတ်ချခြင်းသည်၊ ဆရာတော်က(ဒိဋ္ဌိသတ်) ဟု ဟောပါသည်။

သုံးဆယ်နှစ်ကောဋ္ဌာသဖြင့် ဆောက် တည်ထားသည့်၊ စက်ဆုတ်စရာ၌ခန္ဓာကိုယ်ကြီး၏ အပျက်သဘောကို သိမြင်၍ ခန္ဓာကြီးကိုမတွယ်တာ၊ မခင်တွယ်၊ မလိုချင်၊ ပါယ်ချင်တဲ့စိတ် ပေါ်ပေါက်မှုကို (တဏှာသတ်)ဟု ဟောပါသည်။

www.dhammaransi.com



လက်တွေ့တရားထိုင်တဲ့အခါ၊ ကြာကြာ ထိုင်ပါများ တော့၊ အောက်အမာခံကြမ်းခင်းနှင့် ခန္ဓာကိုယ် ထိတွေ့သော အခါ ပေါ်ပေါက်လာသည့်ဝေဒနာသည်(ဒိဋ္ဌိသတ်)လက္ခဏာ ဖြစ်ပါသည်။

အာရုံ၌ အသုဘနိမိတ်ပေါ်ပေါက်လာ၍ ဘဝမလိုချင် တဲ့စိတ်ပေါ်ပေါက်မှုကို(တဏှာသတ်)၏လက္ခဏာဖြစ်ပါသည်။

အသုဘနိမိတ် မပေါ်သည့်ပုဂ္ဂိုလ်များတို့သည် အာရုံ၌ ပေါ်သည့်အရာဝတ္ထုအပေါ်ကို အရာဝတ္ထု၏ အစ၊ အလယ်၊ အဆုံး၊ မည်ကဲ့သို့တဖြည်းဖြည်း ပျောက်ကွယ်သွားသည့်အထိ ရှုမှတ်၍ မမြဲခြင်းတည်းဟူသော အနတ္တသဘောပေါက်အောင် နှလုံးသွင်းပေးပါ။ ထိုကဲ့သို့ နှလုံးသွင်းခြင်းအားဖြင့် မမြဲသော သဘောတရားကို သိရှိခြင်းတို့သည်(တဏှာသတ်)၏ အဓိပ္ပါယ် ဖွင့်ဆိုစေရပေသည်။

ဒုက္ခပဋိပဒါ ပုဂ္ဂိုလ်များတို့သည် တရားအားထုတ်ရာ၌ အသုဘနိမိတ်ပေါ်လွင်စေ၍ သုခပဋိပဒါ ပုဂ္ဂိုလ် များ တို့သည် အာရုံ၌ အရောင် အဆင်း မိနိတ်များ ပေါ် လွင် တတ်ကြ ပါ သည်။ အထူးသတိပြုပါ။

အကြောင်းရင်းမှာ ဒုက္ခပဋိပဒါ ပုဂ္ဂိုလ်များ တို့သည် တမလွန်ဘဝက အသုဘအရိုးစုများတို့ကို ရှုမှတ်ခဲ့သူများဖြစ် ၍၊ သုခပဋိပဒါ ပုဂ္ဂိုလ် များတို့သည်လည်း အလားတူ တမလွန် ဘဝက ကသိုဏ်းရှုမှတ်ခဲ့သူများဖြစ်ကြောင်း ဆရာတော်ဘုရား က ဩဝါဒပေးခဲ့သည်ကို နာကြားခဲ့ရပါသည်။

"ငါကောင်း၊မဟုတ်၊ ငါ့သဘော၊ ငါ့မဆောင်" သူ့သ ဘောသူဆောင်သည့် သဘာဝသဘောသည် (အနတ္တ) အာရုံ၌

www.dhammaransi.com



ပေါ်ချင်ရာပေါ် ပေါ်သည့်အာရုံသည် မိမိ၏တမလွန်ဘဝက အတိတ်နိမိတ်အာရုံဖြစ်သောကြောင့် အဆက်ပေါ်ပြုပါ နည်းစံနစ်အတိုင်း ခွဲခြားသုံးသပ်စေလိုပါသည်။

ခန္ဓာကိုယ်၌ အမြဲဖြစ်ပျက်နေတာသည်၊ (ဒုက္ခသစ္စာ) ဖြစ်၍၊ ဖြစ်ပျက်နေတာကို သိနေတာသည်၊ (မဂ္ဂသစ္စာ) ဟူ၍ နှလုံးသွင်းရပေမည်။

## ပေါ်သိ ပေါ်သိ နိဗ္ဗာန်အထိ
## (ညာဏစာရီဆရာတော် ဩဝါဒ)

ခန္ဓာကိုယ်၌ အစဉ်အမြဲ ဖြစ်ပျက်နေခြင်းသည် နာမ်၏ သဘော ခံစားပျက် အမြဲခြင်း အနတ္တလက္ခဏာ အဓိပ္ပါယ်ဖွင့်ဆိုစေလျက်၊ သိခြင်းသည် နာမ်၏ခံစားမှု သာမညလက္ခဏာဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုရပေမည်။

လူ၏ခန္ဓာကိုယ်သည်၊ခန္ဓာငါးပါးဖြင့် ဆောက်တည်ထားသည့် အဆောက်အဦးသဏ္ဌာန်ဖြစ်သည်ကို ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူခဲ့သည်။ အကျဉ်းအားဖြင့် အထက်တွင် ငါတည်းဟူသော အတ္တကိုဖြုတ်ချခဲ့ခြင်းကြောင့် လူသားများတို့သည် ခန္ဓာငါးပါး၏ ဥစ္စာစောင့် ဖြစ်သည်ကို၊ မထင်ရှားပေဘူးလား။

ခန္ဓာငါးပါးသည် အကျဉ်းအားဖြင့် ရုပ်နှင့် နာမ် နှစ်ပိုင်းခွဲခြားထားပါသည်။ ရုပ်သည်တပိုင်း၊ နာမ်သည်တပိုင်း၊ တဖန်၊ နာမ်သည်သုံးပိုင်းခွဲခြားထားသည်ကို တွေ့ရှိရပါသည်။

www.dhammaransi.com

(၂၀) ဒုက္ခမြတ်စွာသာသနာ-ရောင်ဝါမြနသို့ထွန်းစေသော၈။

(၁) ရူပက္ခန္ဓာ - ရုပ်
(၂) ဝေဒနက္ခန္ဓာ - နာမ်
(၃) သညက္ခန္ဓာ - နာမ်။
(၄) သင်္ခါရက္ခန္ဓာ - နာမ်။
(၅) ဝိညာနက္ခန္ဓာ - နာမ်။

ရုပ်သည် နာမ်တည်းဟူသော ဝေဒနာဖြင့် ဖုံးအုပ်ထား သဖြင့်၊ သက်ရှိသတ္တဝါမှန်သမျှအားလုံးတို့သည် အနိစ္စတည်း ဟူသော သဘောဖြင့်မကင်းသောကြောင့် မမြဲခြင်းတည်းဟူ သော အနတ္တသဘောကို သက်ရောက်စေပါသည်။

အထက်ဖော်ပြပါ ခါတ်ကြီးလေးပါး၏ ဖောက်ပြန်မှု ကြောင့် ပေါ်ပေါက်လာသည့် ဝေဒနာမှာ ထုံခြင်း၊ နာခြင်း၊ ကိုက်ခြင်း ခဲခြင်း၊ ယားခြင်း၊ မောခြင်း၊ ပူခြင်း၊ အေးခြင်း၊ ကြွပ်ခြင်း၊ စသည်တို့ကိုရှုမှတ်ခြင်းသည် အကြောင်းသတ်တရား မဟုတ်ဘဲ၊ (အကျိုးသတ်တရား)သာ ဖြစ်သည်ကို ဆရာတော် ဘုရားကဟောပါသည်။

**ဥပမာ**-ခေတာမှုဆိုးသည်၊ တောခွေးကို တွေ့မြင် သော အခါ၊ မျှားဖြင့်ပစ်ပါသည်။ မျှားသည် ခွေးကိုထိမှန်ခြင်းမရှိ သောကြောင့်၊ ခွေးသည် သဘာဝအလျောက် အနီး တွင်ကျရောက်သည့်မျှားတံကို ကိုက်ပါသည်၊ မျှားကို ကိုက်ခြင်းသည် အကျိုးသတ်တရားဖြစ်ပြီး၊ အကျိုးနှင့် တူသော မျှားတံကိုသာ ကိုက်သဖြင့် အဓိက လိုရင်းအ ကြောင်းနှင့်တူသော မုဆိုးကို ကိုက် သတ် မှသာလျှင်၊ နောက်ထပ်မျှား ပစ်လွှတ်နိုင်စရာအကြောင်း မရှိတော့

www.dhammaransi.com



ကြောင်း၊ အကြောင်းရင်း မှုဆိုးကို ကိုက်သတ်ဖျက်ဆီးမှသာလျှင် (အကြောင်းသတ်တရား)ဖြစ်မည်ကို ညွှန်ပြခဲ့ပါသေးသည်။

ဒါကြောင့် လောကသားများအားလုံးတို့သည် မိခင်ဝမ္ဘသန္ဓေမှ ယနေ့အထိ သိလာခဲ့သော အသိတရားမှာ၊ ကိုက်ခြင်း၊ ခဲခြင်း၊ နာခြင်း၊ ကြပ်ခြင်း၊ ပူခြင်း၊ အေးခြင်း၊ ကျင်ခြင်း၊စသည်တို့သည်—တောမုဆိုးပစ်လိုက်သော မြှားများနှင့်သဏ္ဍာန်တူသောကြောင့် အကျိုးကိုသာသတ်ခြင်းဖြစ်ပါသည်။ (အကျိုးသတ်တရား)ဖြစ်သည်။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်၊ ဒုတိယအဆင့်၌ ဟောတော်မူခဲ့သည့် ဝေဒနက္ခန္ဓာဖြစ်သည်ကို တွေ့ရှိရပါသည်၊ ကျွန်ုပ်တို့ယနေ့အထိ သိလာခဲ့သောအသိတရားမှာ၊ ကလေးအသိသာဖြစ်သောကြောင့်၊ ကိုက်ခြင်း၊ နာခြား၊ ကျင်ခြင်း၊တုန်ခြင်း၊ ကြပ်ခြင်း၊ ပူခြင်း၊ အေးခြင်း၊ စသည့်အသိများ တို့ကို ပယ်ဖျက်၍ ဓါတ်ကြီးလေးပါး၏ ဖေါက်ပြန်မှုကြောင့် ပေါ်ပေါက်လာသည့် ရောဂါများ တို့ကို ဝေဒနာဟူ၍ အသိကပ်ရပ်တည်ခြင်းသည်၊ (အကြောင်းသတ်တရား) ဖြစ်၍ အထက်တွင် ဖေါ်ပြခဲ့သည့် ဘုရားဟော ဝေဒနက္ခန္ဓာနှင့် ကိုက်ညီသည်ကို တွေ့ရှိရပါသည်၊ မြတ်စွာဘုရားရှင်သည် ကိုက်သောခန္ဓာ၊ နာသောခန္ဓာ၊ ကြပ်သောခန္ဓာ၊ ကျင်သောခန္ဓာ၊ ထုံသောခန္ဓာ၊ ပူသောခန္ဓာ၊ အေးသောခန္ဓာဟူ၍ ဟောပြောခဲ့ခြင်းမရှိခဲ့ပါ။

ထိုကြောင့် မူလကဖေါ်ပြခဲ့သည့် ကိုက်ခြင်း၊ နှိပ်စက်ခြင်း၊ နာကျင်ခြင်း၊ ထုံခြင်း၊ ကြပ်ခြင်း၊ မာခြင်း၊ ပူခြင်း၊ ပြည့်အောင့်ခြင်း၊

ကမ္ဘာအေး၊ ရန်ကုန်

www.dhammaransi.com



များ၊အားလုံးတို့သည်အဆုံးသတ်ခြင်းမရှိသောကြောင့် အကျိုးသတ်တရားသာဖြစ်၍ ( ပဋိစ္စသမုပ္ပါဒ်၊ သံသရာလည်စေ၍ ) ဘောကာမမွေ့ဖြစ်သည့် ဝေဒနာအပေါ် ရပ် တည် ခြင်းသည်၊ အကြောင်းသတ်တရား (ပဋိစ္စသမုပ္ပါဒ် သံသရာရပ်ခြင်း) ဖြစ်ပါသည်။

သဘာဝအလျောက် ပေါ်ပေါက်သည့်ဝေဒနာကိုသည်းခံရှုမှတ်၊ အနိုင်ရ၍ အတ္တဖြုတ်ချလျက် တဆင့်ပြီးတဆင့်၊ ပါရမီအရ၊ ဉာဏ်စဉ်တက်လျက် စက်ဆုတ်စရာ၊ ခန္ဓာကိုယ်ကို မတွယ်တာခြင်း၊ မခင်တွယ်ခြင်း၊ အပျက်ကိုသိမြင်၍အသိထူး၊ အမြင်ထူးဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘောတရားကို သိလာသည့်အခါ၊ တဏှာဥပါဒါန်ကြောင့် ဘဝဖြစ်သည့်၊ရပ်နာမ်ကိုခွဲခြားသိမြင်ပယ်မှ (ပဋိစ္စသမုပ္ပါဒ်သံသရာလွတ်)စေသည် ဟု ညွှန်ပြခဲ့ပါသည်။

(ပဋိစ္စသမုပ္ပါဒ်လည်ခြင်း၊) (ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်း၊) (ပဋိစ္စသမုပ္ပါဒ်လွတ်ခြင်း) တိုတိုတုတ်တုတ် လိုရင်းသဘောကို ရှင်းပြခြင်းဖြစ်ပါသည်။

တဆင့် လူသေရင်လူမဖြစ်၊ လူသေရင်ဘယ်ကိုသွားသလဲဆိုတာ ပြန်ဆက်ကြအုံးစို့ —

ဆရာတော်ဘုရား ဟောဘိုင်း-ဟောတိုင်း ပါပါတယ်၊ သွားလမ်းလာလမ်းသိအောင် ဒါယိကာ၊ဒါယိကာမ တွေကို တရားထိုင်ဘို့လှုံ့ဆော်အားပေးခဲ့တာကို မြင်တွေ့ခဲ့ရပါတယ်။

အုပ်ချုပ်ရေးယန္တယားမှာ၊ အုပ်ချုပ်သူသိသလို၊ အရိယာသူတော်ကောင်းမဖြစ်တဲ့၊ ပုထုဇဉ်လူသား များ တို့၌ လည်း အုပ်ချုပ်သောသူရှိပါသည်။

www.dhammaransi.com



(၁) အရိယာကိုအုပ်ချုပ်သောသူသည်၊ ဝိဇ္ဇာဖြစ်ပါသည်။

(၂) ပုထုဇဉ်လူသားကို အုပ်ချုပ်သောသူသည်၊ အဝိဇ္ဇာဖြစ်ပါသည်။

အရိယာကိုအုပ်ချုပ်သောဝိဇ္ဇာသည်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနလေးပါးကို အစဉ်အမြဲပယ်ဖျက်လျက်၊ သုခ၊ ဒုက္ခ၊ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ချီတက်နေသူများဖြစ်ကြပါသည်။

ပုထုဇဉ်လူသားကိုအုပ်ချုပ်သောအဝိဇ္ဇာသည်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ လေးပါးကို အစဉ်အမြဲ လက်ကိုင်ထားလျက် ဘဝကြင်ဖေါ်အဖြစ် မိတ်ဆွေသဖွယ်ပေါင်းသင်းကာ၊ သံသရာနှစ်ဆန်းပေ ရက်နေ့ကစပြီး၊ ယနေ့တိုင် သေအတူရှင်မကွဲ ခရီးသွားနေသောကြောင့် သံသရာဝဲလျှောက်အထက်အောက်၊ သုံးဆယ်တဘုံအတွင်း ကျင်လည်ကြသူများ ဖြစ်ကြပါသည်။

နောက်ဆက်တွဲအနေဖြင့် ရုပ်နှင့်စိတ်နှစ်ခုကို ထပ်မံရှင်းပြပါအုံးမည်၊ ရုပ်ကစိတ်ကိုခိုင်းတာလား၊ စိတ်ကရုပ်ကို ခိုင်းတာလား၊ မေးစရာအကြောင်းရှိတယ်မဟုတ်လား။

**မိတ်ဆွေ** - ရှင်းပြမှဖြစ်မှာပေါ့။

**အောင်** - စိတ်ကတိုက်တွန်းမှ ရုပ်က ကောင်းကျိုး၊ ဆိုးကျိုး၊ ဖန်တည်းတတ်သော တရားလို့တရားခံ၊ အတွင်းလှည့်ဂျပန်ဖရောင်းချက်၊ သည် စိတ်။ စိတ်သည်အဓိကဖြစ်သည်ကို၊ ထင်ရှားပြီမဟုတ်လား၊ စိတ်ကခိုင်းတာ၊ ရုပ်ကလုပ်ဆောင်တတ်တာကိုကော၊ မထင်ရှားပေဘူးလား၊ ဒါ့ကြောင့် ရုပ် ကို ပြုပြင်

www.dhammaransi.com

(၂၄) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသော်။

ခြင်းမှ ရုပ်ဆိုင်းပြီး၊ စိတ်ကို ပြုပြင်မှုသာလျှင် နည်းလမ်းမှန်ကန်ပေမည်။ ကံတရားနှင့် ဉာဏ်တရားတို့ကို ဆက်လက်ဆွေးနွေးကြအုံးစို့—

(ကံတရားကတော့) လက်ရှိဘဝတွင် လူသားများတို့သည်၊ ထုံးတမ်းစဉ်လာ မိရိုး၊ ဖလာအရ၊ ဘုန်းကြီးကျောင်းသွားပြီး တတ်အားသမျှ အလှူဒါနပြုလျှက်၊ ဥပုဒ်သီလ၊ ဆောက်တည်ခြင်း၊ (အချိန်ကန့်သတ်စောင့်သည့်သီလ) ပုတီးစိတ်ခြင်းအားဖြင့် စိတ်စင်ကြယ်မှု ပြုလုပ်ကြတယ်မဟုတ်လား၊ အဲဒါက နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဘူးဗျ၊ ဒါန လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ပုတီးစိတ်ခြင်း၊ အားဖြင့် လူသေရင်ဘယ်ကိုသွားမလဲ၊ သွားလမ်း၊ လာလမ်းမသိဘူးဗျ၊ မသိခြင်းသည်၊ အကန်းနှင့် သဏ္ဍာန်တူသည် ဟု—ဆရာတော်ဘုရားက ဟောတော်မူခဲ့သည်။

ဥပမာ—ကွင်းပြင်ကြီးတခု၌၊ လေပွေတိုက်ခတ်သောအခါ၊ စက္ကူစုတ်၊ တောင်းစုတ်၊ ပလုံးစုတ်၊ အမှိုက်သရိုက်များတို့သည်၊ လေလွင့်ပြီးအထက်ကောင်းကင်းမှ ကျချင်ရာကျ၊ ကာမသကာဆိုသလိုဘဲ၊ ဒါကြောင့်—ပုထုဇဉ်လူသားများတို့သည်၊ သွားလမ်း၊ လာ လမ်း မ သိသောကြောင့် အထက်ဖေါ်ပြပါ၊ တောင်းစုတ်၊ ပလုံးစုတ်၊ စက္ကူစုတ်၊ အမှိုက်-အရိုက်ကဲ့သို့ လေလွင့်ကျချင်ရာကျ၍ ကာမသကာ၊ရောက်လေရာဘဝ၌ကျင်လည်ကြမည်ဟူ၍ ဖြစ်သောကြောင့်အကန်းနှင့်တူပါသည်။အထက်ဖေါ်ပြပါဒါနနှင့်သီလသည်ကံ၏ အဓိပ္ပါယ်ဖွင့်ဆိုစေရပေမည်၊

www.dhammaransi.com



ဇမ္ဗူလောကကြီးတွင်၊ အာသောက မင်းတရားကြီးသည်၊ အလှူဒါန၊ ပါရမီရှင်၊ အဓိပတိပင် ဖြစ်လင့်ကစား၊ သေပြီး၊ စပါးကျီးမှေ့ ဖြစ်ခဲ့ သေး တယ်မဟုတ်လား၊ ဒါနကုသိုလ်ကံ၊ ထောက်ပန့်ကယ်မ၊ တင်နိုင်သေးသလား၊ ဒါကြောင့် ဒါနသည် ကံအလုပ်ဟူ၍ သက်သေခံ အထောက်အထား တင်ပြအပ်ပါသည်။

မြောင်းမြခရိုင်တွင်၊ သက်တော်ရှစ်ဆယ်၊ ဝါတော်ငါးဆယ်ကျော်၊ဘုန်းကြီးတပါး၊ပျံလွန်တော်မူသောအခါ၊ ဘုန်းတော်ကြီးမှာ အလှူရှင်အိမ်များမှ လှူဒါန်းရရှိသော၊ လှူဘွယ်ပစ္စည်း၊ ရွှေဇင်္ဂါး၊ ငွေဒင်္ဂါးများတို့ကို လက်အောက်ခံ၊ ဦးပဥ္စင်းများတိုကသိရှိ၍၊ ဈာပနဒ္ဓအသုံးပြုရန်၊ သံသေတ္တာကိုသော့ဖွင့်ကြည့်ရာ၊ ထိုသံသေတ္တာအတွင်း အရောင်အဆင်း လှပသော၊ မြွေကြီးတကောင်တွေ့ရှိခဲ့၍၊ ထိုသေတ္တာကြီးကို မကိုင်ဝံ့ဘဲ နဂိုလ်မူလအတိုင်းပင်၊ပြန်လည်ပိတ်ဆို့ထားရသည်အထိ၊ ထိုနေ့ာက်မီးသင်္ဂြိုဟ်မည့်ရက်၌ ထိုသေတ္တာကြီးကိုကပ်မံဖွင့်ကြည့်ရာ၊ ထိုမြွေကြီးသည် မူလနေရာ၌ပင် အလိုအလျောက် သေဆုံးနေရသည်ကို တွေ့ရှိရ၍၊ ဦးပဥ္စင်းများတို့က၊ ဥပါဒ့ါန် စွဲကာပ်ပြီး၊ဆရာတော်ဘုရားဘဝကူးပြောင်းဟန်တူသည်ဟုယူဆလျက်၊ ထိုမြွေကြီးနှင့်ဆရာတော်ဘုရားပါ တပါတည်း - မီးသင်္ဂြိုဟ်ခဲ့ရခြင်းအကြောင်းကို- ခမုံ ဆရာတော်ဘုရား၊ ဦးကုသလ-တရားပို့ချခန်းတခန်း၌ နာကြားခဲ့ရပါသည်။ မြွေကြီး၏အရောင် အဆင်းလှပခြင်းသည် ဆရာတော်ဘုရားကြီး၏ သီလတံခိုးကိုသက်ရောက်စေဟန်တူပါသည်၊ ဆရာတော်ဘုရား ပျံတော်မူချိန်၌၊ ပစ္စည်းဥပါဒါန်စွဲကာပ်ခြင်းအတွက် ဥပါဒါနပစ္စယာ ဘဝေါ၊

www.dhammaransi.com



ဟူ၍ ဘုရားကဟောထားခြင်းကြောင့် ဥစ္စာစောင့်တည်းဟူသော၊ ပြိတ္တာဘဝသို့ကူးပြောင်းခဲ့ဟန်တူပါသည်။ ထိုကြောင့် ဒုတိယအချက်ဖြစ်သည့်သီလရော၊ ကယ်မ၊ တင်နိုင်သေးသလား၊ သီလသည်လည်း ကံအလုပ်ဟူ၍ သက်သေခံအထောက်အထားတင်ပြအပ်ပါသည်။

ပုထုဇဉ်လူသားများပြုကြသည့်ဒါန၊ သီလ၊ (အချိန်ကန့်သတ်စောင့်သည့်သီလ) စသည့်ကုသိုလ်များတို့သည် ငါတည်းဟူသော သက္ကာယဒိဋ္ဌိစွဲကြီးက အစဉ်ဦးစီးစွဲကပ်လျက် လောဘ၊ဒေါသ၊ မောဟ၊ မာန၊ စသည့်အကုသိုလ်ကံများကလည်း၊ ခြံရံ၍ရပ်တည်နေမှုကြောင့်၊ အဆိုပါလောဘ၊ အကုသိုလ်ကံဆိုးကြီးက၊ပြိတ္တာ၊ဒေါသအကုသိုလ်ကံဆိုးကြီးက၊ ငရဲ၊ မောဟအကုသိုလ်ကံဆိုးကြီးက၊ တိရိစ္ဆာန်၊ မာနအကုသိုလ်ကံဆိုးကြီးက၊ အရှင်ရဲ၊ စသည်အားဖြင့်အသီးသီး ဝင်္ခဆင်းရဲခြင်းဒုက္ခခံကြရပြီးနောက်ဆုံး၊ အထက်ဖော်ပြပါ အကုသိုလ်ကံများတို့၏ကံရှိန်ကုန်ဆုံးသွားသည့်အခါ၊ မျက်ခြေမပြတ် အရိပ်သဘွယ်လိုက်နေသည့် ဒါန၊ သီလ ကုသိုလ်ကံများ တဖန်၊ တရှိန်ထိုးပေါ်လာလျက် အပါယ်လေးဘုံက၊ ကယ်မတင်ပြီး၊ လူ့ဘုံရောက်သည်အထိ ပို့ဆောင်သည်ကို ဆရာတော်ဘုရားက မိန့်တော်မူခဲ့သည်။ ဒါကြောင့် ပုထုဇဉ်လူသားများတို့သည် များစွာသောအားဖြင့်၊ အပါယ်လေးဘုံမှလာကြရသော လူများဖြစ်၍ အထက်အောက် ပဋိစ္စသမုပ္ပါဒ် သံသရာ ကျင်လည်ကြ သူများဖြစ်သည်ကို မထင်ရှားပေဘူးလား၊ ဒါကြောင့်(မနုဿဘဝေါဒုလ္လဘော)ဟု ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူခဲ့တယ်မဟုတ်လား လူသေရင်-လူဖြစ်နိုင်ပါအုံးမလား။

www.dhammaransi.com



ဒိဋ္ဌိမကွာ-ပုဂ္ဂိုလ်မှာလျှင်-လူမှာစကြာ
နတ်မှာ-သိကြား-မိုးဖျားဗြဟ္မာ-ဖြစ်တုံပါလဲ
ခန္ဓာပြိုကွဲ-ကုသိုလ်စဲက-ဖေါက်လွဲ-
ပါယ်ရွာ-ရောက်မြဲသာတည့်။

(ခမုံဆရာတော်ဘုရား၏ ဩဝါဒ)

**မိတ်ဆွေ** - ဒီလိုဆိုဘယ်ဖြစ်မလဲ။
**အောင်** - ဒါပေါ့ဗျ၊ တရားမရှိ-ဘုရားမမြင်၊ တရားရှိက - ဘုရားမြင်သည်မဟုတ်လား၊ ကဲဆက်ကြအုံးစို့....

ဒါန-လှူခြင်း၊ သီလ-ဆောက်တည်ခြင်း၊ ပုတီးစိပ်ခြင်းများတို့သည်၊ ကံအလုပ်သာဖြစ်ပါသည်၊ ပုတီး စိတ်ခြင်းအားဖြင့် သမာဓိရသည်၊ စိတ်တည်ကြည်သည်၊ သို့သော်- ပုတီးသည် အစဉ်အမြဲဖေါက်ပြန်ပြောင်းလွဲနေသော၊ ခန္ဓာကိုယ် အစိတ်အပိုင်းကို လုံးဝမသိ၊ ခန္ဓာကိုယ်ကို သိမြင်နိုင်သော တရားသည်၊ ဉာဏ်အလုပ်၊ ဘုရား ကိုယ် တော် မြတ် ဟောတော်မူသည့် ဝိပဿနာတရားဖြစ်ပါသည်။

ဒါနနှင့်သီလသည်၊ ကံအလုပ်ပင်ဖြစ်လင့်ကစား ဘုရားရှင်သည် ဒါန-အစ၊ သီလ-အလယ်၊ ဘာဝနာ-အဆုံး ဟူ၍ မိန့်တော်မူခဲ့သည့်အတွက်၊ တဘဝတည်းဖြင့် နိဗ္ဗာန်မကူးနိုင်သည့်လူများတို့သည် ပဋိစ္စ သမုပ္ပါဒ် ကျင်လည်ခဲ့ရသည်ရှိသော် ဒါနသည် ချမ်းသာကြွယ်ဝစေ၍၊ သီလသည် ရုပ်အဆင်း၊ ရူပါရုံလှပအသက်ရှည်ခြင်းတို့ကို အထောက်အကူပြုသည်ကိုတင်ပြအပ်ပါသည်။

www.dhammaransi.com

(၂၈) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်း၊စေသောင်။

## ဥာဏ်တရား၊ကတော့-ဝိပဿနာဉာဏ်လုပ်ဘဲ။

ကျွန်ုပ်တို့လူသားများတို့သည်၊ မိခင်ပဋိသန္ဓေမှအစပြု၍ ယနေ့တိုင်၊ မှန်ကြည့်လာခဲ့တာမဟုတ်လား၊ မှန်ကြည့်၍အစဉ် အားဖြင့်ရုပ်ကိုပြုပြင်ခဲ့တာကောမဟုတ်လား၊နာမ်ကိုတော့ပြုပြင် ခြင်းမရှိခဲ့ပါ၊ သို့ဖြစ်ပါ၍၊ ပဋိစ္စသမုပ္ပါဒ် သံသရာကျင်လည် ခဲ့ရခြင်း၊ ဖြစ်တယ်ဆိုတာကော မထင်ရှားပေဘူးလား။

(၁) မှန်ကြည့်တော့-ရုပ်ပေါ်သည်။

(၂) ဥာဏ်နှင့်ကြည့်တော့-စိတ်ပေါ်သည်။

မှန်ကြည့်၍ရုပ်မြင်သောအခါ၊ ရုပ်ကိုကြည့်ပြီး ပြုပြင်ခဲ့ သဖြင့် မျက်စေ့၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊စိတ်၊စသည့် အာရုံ(၆)ပါးတို့ကို အလိုလိုက်ခါ၊ အထက်တွင် ဖေါ်ပြထား သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ တည်းဟူသော အုပ် ချုပ်သူကို ပင့်ခေါ်ကာ၊သုံးဆယ်တဘုံအတွင်း အထက်အောက် သံသရာကျင်လည်ခဲ့တာ၊ ယနေ့အထိမဟုတ်လား၊ ထိုကြောင့် ပုထုဇဉ်လူသားများတို့သည် ဘယ်သောအခါမျှ၊ သံသရာဝဋ် ဒုက္ခမှ မလွတ်ကင်းနိုင်ဘူး၊ အပါယ်လဲ-မလွတ်ဘူးဗျ၊လူသေရင် လူမဖြစ်၊ ဥပါဒါန်စွဲကပ်ရာ ဇာတိဘဝ၊ ကူးပြောင်းသည်ကို ဆရာတော်ဘုရားက မိန့်တော်မူခဲ့သည်၊ ဘုရား ဟော နှင့် တိုက်ဆိုင်ကြည့်လေ။

မိတ်ဆွေ - မှန်ပါတယ် - ဆက်ပြောပါအုံး-

အောင် - သဲအင်းဂူဆရာတော်ဘုရားက၊ ကာယာနုပဿနာသတိ ပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ လေးပါးကို အခြေခံပါတယ်-

www.dhammaransi.com



အချို့သောမိတ်ဆွေများတို့သည်၊ တမဂ်တဖိုလ်ရအောင် ဘယ်နှစ်နှစ်-ဘယ်နှစ်လအားထုတ်ကြည့်ရမှာလဲဟုမေးလေ့မေး ထရှိသည်ကို ကြားသိရှိရပါသည်။ မေးလဲမေးထိုက်ပါသည်၊ အပြစ်ဆိုရခြင်းမဟုတ်ပါ၊ သမထဝိပဿနာအလုပ်သည်၊ စိတ်အလုပ်ဖြစ်ပါသည်၊ ခွန်အားဗလအလုပ် မဟုတ်သည့်အတွက်တရားအားထုတ်ရာ၌၊ ခွန်အားဗလကိုသုံးစွဲလျက် နှစ်၊ လ၊ စသည်အားဖြင့်၊ တချိန်ကာလပိုင်းခြားကန့်သတ်ပြီး၊ ကံထရိုက်အလုပ်မဟုတ်သောကြောင့်၊ (သဒ္ဓါဗိုလ်၊)(ဝရိယဗိုလ်၊)(သတိဗိုလ်၊)(သမာဓိဗိုလ်၊)(ပညာဗိုလ်၊) ဆိုတဲ့ ဗိုလ်ငါးပါးကို လက်ကိုင်ထားလျက်၊ တဆင့်ပြီးတဆင့် ပါရမီအလိုက် ဉာဏ်စဉ်တက်လျက် တရားအားထုတ်မှသာ၊ လိုရင်းနိဗ္ဗာန်ကို၊ ကော်မုချရနိုင်သည်ကို ဘုရားရှင်ကိုယ်တိုင် ဟောတော်မူခဲ့သည်မဟုတ်လား၊ လူသားများတို့သည် ဝါတ်ကြီးလေးပါး၏ ဖေါက်ပြန်မှုကြောင့် ခန္ဓာကိုယ်မှ ပေါ်ပေါက်လာသည့် ဝေဒနာဒါဏ်ကို မခံစားလိုသည့်အတွက် နီးစပ်ရာ၊ သမားတော်၊ ဆေးဆရာ ဆရာဝန်၊ စသည်တို့ကိုအားကိုးအားထားပြုကြသကဲ့သို့ အရိယသူတော်ကောင်းများတို့သည်လည်း ထိုနည်းတူ၊ ဝိပဿနာတရားတော်မြတ်ကြီးကို၊ အားကိုးအားထားပြုကြသည်ကို တွေ့ရှိရပါသည်။

ပုထုဇဉ်လူသားများတို့သည် ဆေးဝါးများတို့ကို မှီဝဲလျက်၊ ဝေဒနာသက်သာသွားသည့်အခါ ဝေဒနာ၏ ခံစားမှုဒါဏ်ကို၊ အစ၊ အလယ်၊ အဆုံး အထိ၊ သိနားလည်လိမ့်မည် မဟုတ်ကြောင်း တင်ပြလိုပါသည်၊

နိဂုံးချုပ်တွင် ဆေးဝါးများတို့သည် ခန္ဓာကိုယ်၌ အလုပ်မလုပ်သည့်အခါ၊ သဘာဝအလျောက် ပေါ်ပေါက်လာ

www.dhammaransi.com



သည့်ဝေဒနာကို၊ ရန်သူသဖွယ်ယူဆလျက် ရင်ဆိုင်တွေ့ဆုံချိန်၌ ပုထုဇဉ်လူသားများတို့သည် သေခြင်းတရားကိုအရှုံးပေးကျော ခိုင်းရပါတော့သည်။

ထိုကဲ့သို့တနေ့အရှုံးပေးရမည့်နည်းတူ၊ အလဟဿအရှုံး မပေးဘဲ၊ အသိကပ်ပြီးအရှုံးပေးခြင်းသည် မှန်မြတ်ခြင်းတရား ဟူ၍ဆိုရပေမည်။

ငါတည်းဟူသောအတ္တကို စွဲကပ်ခြင်းမပြုဘဲ သဘာဝကို မလွန်ဆန်နိုင်သည့် ဖေါက်ပြန်မှုကြောင့် ခန္ဓာကိုယ်အတွင်းမှ ပေါ်ပေါက်လာသည့်ဝေဒနာအပေါ်၊ ဒေါသစိတ် ဖြစ် ပေါ် လာခြင်းမှ၊ သည်းခံရှုမှတ်ခြင်းအားဖြင့် ပုထုဇဉ်လူသားများ တို့အား၊ အစဉ်အမြဲစိုးပိုင်သည့်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊များတို့မှ ကင်းရှင်းခြင်းကြောင့် အကယ်၍ထိုအချိန် ထို အခါ၌၊ သေဆုံးခဲ့ရသည်ရှိသော်၊ အသေမြတ်မည်ဟူ၍ယူဆရ ပေမည်၊ ဝေဒနာကိုသာဂရုစိုက်အသိကပ် ရှုမှတ်သည့်အချိန်ဖြစ် သောကြောင့် ဥပါဒါန်စွဲကပ်ခြင်းမရှိ၊ ဥပါဒါနပစ္စယာ၊ ဘဝေါ ဘဝကူးပြောင်းလိမ့်မည်မဟုတ်ကြောင်း ထင်မြင်ယူဆ ပါသည်။

အရိယာများတို့သည် ပညတ်၊ ပရမတ် ခွဲခြားသိရှိရုံသာ မက၊ အမြဲဘစေရှေ့နောက်တွေးတောခြင်းမပြုဘဲ၊ ပစ္စုပ္ပန် တည့်တည့်ရပ်ဘည်လျက်၊ အသိကပ်ရှုမှတ်နေသူများ ဖြစ်သော ကြောင့် ဥပါဒါန်မတွယ်ကပ်၊ ဥပါဒါန်ကြောင့် ဥပါဒ်မဖြစ်၊ ဥပါဒါနပစ္စယော၊ ဘဝေါ၊ ဘဝကူး-သံသရာဝဋ်ဒုက္ခမကျင် လည်ရသည့်၊ ခန္ဓာချုပ်ငြိမ်းရာ-အလင်းနိဗ္ဗာန်သို့ ချီတက်နေသူ များဖြစ်ကြပါသည်။

www.dhammaransi.com



ပုထုဇဉ်လူသားများတို့သည်၊ သိလာခဲ့သောအသိမှာ၊ ခွေးမြင်-ခွေးသိ နွားမြင်-နွားသိ၊ ယောကျ်ားမြင်-ယောကျ်ားသိ၊ မိန်းမမြင်-မိန်းမသိ၊ ဖြစ်ပါတယ်လား

**မိတ်ဆွေ** - ဟုတ်ပါတယ်၊ ဒါဘာထူးသလဲ၊

**အောင်** - ထူးတာပေါ့-အဲဒါက အကန်းအသိလို့ခေါ်တယ်။

မညတ်၊ ပရမတ်၊ ရုပ်၊ နာမ်၊ ခွဲခြားသိမြင်မှု-အသိထူး၊ အမြင်ထူးဖြင့် သိသောအသိကို၊ မျက်မြင်ဝိပဿနာအသိ၊ဟု-ခေါ်ရပေမည်။ ပညတ်နှင့်ပရမတ်ကို တိုတိုနှင့်လိုရင်းရှင်းပြပါမည်။

အထက်ပေါ်ပြပါ၊ လူမြင်-လူသိ၊ နွားမြင်-နွားသိ၊ ခွေးမြင်-ခွေးသိ၊ ယောကျ်ားမြင်-ယောကျ်ားသိ၊ မိန်းမမြင်-မိန်းမသိ၊စသည့်များတို့ကို ခွဲခြားသိခြင်းသည်၊ငယ်စဉ်မိရိုးဖလာက သိသော အသိမျိုးဖြစ်၍၊ အသိထူး-အမြင်ထူးဖြင့်၊သိသောအသိမဟုတ်သောကြောင့်၊(ပညတ်အသိ) ဟူ၍ ကင်ပွန်းတပ်ရပေမည်။

ပရမတ် အသိကတော့ ကျွန်ုပ်တို့သိလာခဲ့သော အသိမျိုးမဟုတ်ဘဲ၊ ခွေး၊နွား တိရိစ္ဆာန်ယောကျ်ား-မိန်းမဟူ၍၊ အသိမကပ်ဘဲရှိသော တရားဖြစ်သည့်ရုပ်၊ နာမ်ကို ခွဲခြားသိမြင်သော အသိထူး-အမြင်ထူးကို(ပရမတ်အသိ)ဟူ၍ ဆိုရပေမည်။

မြင်တိုင်းသိမြင် မမှတ်လျှင် ပေါ်လွင်ပညတ်သာ။
မြင်တိုင်းရှုမှတ် ပရမတ် ပညတ်ကွာတော့တာ။

(မဟာစည်ဆရာတော် ဦးမုနိန္ဒ ဩဝါဒ)

www.dhammaransi.com

## (၃၂) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသော်။

မြတ်စွာဘုရားသခင်သည် တရားတော်၌ သိရိမာ ပြည့် တန်ဆာမ၏ ပြင်ပရူပါရုံအလှကို အခြေခံ၍၊ နောက် သိရိမာ သေဆုံးသည့်အခါ လှပသောရူပါရုံမက်မောစွဲလန်းသည့်ရဟန်း တပါးကို(လှုပ်ရှားအသုဘ) (မလှုပ်ရှားအသုဘ)တို့ဖြင့်သာဓက ပြသလျက်အပျက်ကိုမြင်မှ၊အမှန်ကိုသိမည်ဟုသောရည်ရွယ်ချက် ဖြင့်၊ လေလံဆွဲသူမရှိသည့်အသုဘ၊ အဖိုးမတန်သည့် ခန္ဓာကိုယ် ၏အစိတ်အပိုင်းတို့ကို ပြသကာချတ်တော်မူခဲ့တယ်မဟုတ်လား။

(၁) လှုပ်ရှားအသုဘ-ဆိုသည်မှာ၊ ကျွန်ုပ်တို့-ခင်ဗျား တို့အားလုံးအသက်ရှူရှိုက်သည့်၊ သက်ရှိသတ္တဝါ မှန်သမျှတို့ကို လှုပ်ရှားအသုဘဟု ခေါ်ပါတယ်။

(၂) မလှုပ်ရှားအသုဘ ဆိုသည်မှာ၊ အသက်ရှူ ရပ် သည့်၊သက်ရှိသတ္တဝါမှန်သမျှတို့ကို မလှုပ်ရှားအ သုဘ လို့ခေါ်ပါတယ်။

လှုပ်ရှားအသုဘနှင့် မလှုပ်ရှားအသုဘတို့သည် မူအား ဖြင့်တူညီ၍၊ နှစ်မျိုးစလုံးများတို့က သုံးဆယ်နှစ်ကောဋ္ဌာသ ဖြင့်ခြံရံလျက် ဆောက်တည်ထားသည့် အာကာရရူပါရုံသာဖြစ် ပြီး၊ ပုထုဇဉ်လူသားများတို့သည် မမြဲခြင်းတရားကို ထာဝစဉ် အသိကပ်မထားဘဲ ပညတ်၊ ပရမတ်ရုပ်၊ နာမ်၊ ခွဲခြားမသိ ခြင်းကြောင့်၊ အိုလို့လည်းမဆုံးနိုင်၊ နာလို့လည်းမဆုံးနိုင်၊ သေလို့လည်းမဆုံးနိုင်၊ အပြန်ပြန်အလှန်လှန် ဇာတိဒုက္ခ၊ဘေး တို့ဖြင့် ပရိဒေဝမီး တောက်လောင်ခဲ့တာ၊ သံသရာတလျှောက် လုံး၊ မောပမ်းခဲ့တယ်မဟုတ်လား၊ ဘာကြောင့်မောသလဲ၊မက် လို့မောတာ၊ မက်ရင်မောမယ်၊ ဒါကြောင့် မက်မောတာ မကောင်းဘူးခမုံ့ ဆရာတော်ဘုရားက မိန့်တော်မူတယ်။

www.dhammaransi.com



နောက်တဆင့် အရိယာလူသားများတို့နှင့် ပုထုဇဉ်လူသားများတို့သည်မည်သို့မည်ပုံကွာခြားပုံကို ရှင်းပြပါအံ့မည်။

အရိယာများတို့သည် မိမိခန္ဓာကိုယ်နှင့် တိုင်းထွာ၍ အစားလျော့စားသည်၊ လျော့အိပ်သည်။

ပုထုဇဉ်လူသားများတို့သည် စိတ်အလိုလိုက်၍၊အဝစား- အဝအိပ်သည်။ အိပ်မက်မက်သည်၊ အိပ်မက်မက်ခြင်းသည်၊စိတ်လှုပ်ရှားမှုဖြစ်သည်။

အရိယာများတို့သည် ကိုယ်စိတ်နှစ်ဖြာပိုင်ပိုင်နိုင်နိုင်၊နိုင်နင်းသောသူများဖြစ်၍၊ စိတ်အပြင်တွက်မလှုပ်ရှားရန် ဂရုစိုက်စောင့်ရှောက်သူများဖြစ်သောကြောင့် အိပ်မက်မမက်ပါ။

ပုထုဇဉ်များတို့သည် အစားအဟာရမှီဝဲရာ၌ အရသာခံစားသည်၊ အရသာခံစားမှု တင်းတိမ်မှုရသည်၊ ကြိုက်နှစ်သက်သည်။

အရိယာများတို့သည်၊ အစားအဟာရမှီဝဲရာ၌ နာမ်ခံစားမှုအပေါ်မူတည်၍စားသည်၊ အရသာခံမစားပါ၊ တင်းတိမ်မှုကိုပဓါနမထားပါ၊ ကြိုက်နှစ်သက်ခြင်းမရှိပါ။

ပုထုဇဉ်များတို့သည် ဖြစ်မှုကျူးလွန်သည်၊ရှေ့နောက်တွေးတော၊ ကြံစည်အားထုတ်သည်။

အရိယာများတို့သည်၊ဖြစ်မှုမကျူးလွန်ပါ၊ ရှေ့နောက်ကြံစီတွေးတောအားထုတ်ခြင်းမရှိပါ၊ ပစ္စုပ္ပန်တည့်တည့်ရှုမှတ်နေသူများဖြစ်ကြပါသည်။

ပုထုဇဉ်များအိမ်ထောင်ပြု၊ မီးမွေးသည်။

အရိယာများတို့သည်၊အိမ်ထောင်မပြုပါ၊ မီးမမွေးပါ။

www.dhammaransi.com

(၃၄) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါဓိနေသို့ထွန်းစေသော်။

ပုထုဇဉ်များတို့သည်၊ တပ်မက်စွဲလန်းမှု၊ တဏှာမကင်း သောကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ တို့ကခြံရံလျက် အစဉ်အမြဲ အဝိဇ္ဇာကအုပ်ချုပ်သည်၊ ဉာဏ်အံ့သိမရှိပါ။

အရိယာများတို့သည်၊ တပ်မက်စွဲလန်းမှု တဏှာကင်းရှင်း ခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ များလေးရပ် တို့ကို နိုင်နင်းလျက်-ဝိဇ္ဇာကအုပ်ချုပ်သည်၊ ဉာဏ်အသိရှိသည်။

ပုထုဇဉ်များတို့သည် သွားလမ်း၊ လာလမ်းမသိသူများ ဖြစ်ပြီး၊ ကံတရားကို ယုံကြည်လက်ကိုင်ထားသည်။

အရိယာများတို့သည်၊ သွားလမ်း၊ လာလမ်း၊ သိသော သူများဖြစ်ပြီး ကံတရားကိုအားကိုးခြင်းမပြုဘဲ၊ ဉာဏ်တရားကို သာ အစဉ်အမြဲလက်ကိုင်ထားသည်။

ပုထုဇဉ်များတို့သည်၊ ဒုက္ခဘေးတို့ကို ကြောက်ရွံ့ကြ သူများဖြစ်ပြီး၊ သုခကိုသာအစဉ်အမြဲခံစားလိုသည်၊ သေဘေး ကိုကြောက်ကြသည်။

အရိယာများတို့သည်၊ သုခ-ဒုက္ခ နှစ်ရပ်စလုံးချုပ်ငြိမ်း ရာသို့သွားလိုသည်။

ပုထုဇဉ်များတို့သည် အာရုံ (၆) ပါးတို့ကို လိုက်လျော သည်၊ အာရုံ (၆)ပါးနိုင်နင်းခြင်းမရှိ၊ပညတ်-ပရမတ်၊ရုပ်၊နာမ်၊ ခွဲခြားသိမြင်ခြင်းမရှိ။

အရိယာများတို့သည်၊ အာရုံ(၆)ပါးတို့ကို လိုက်လျော ခြင်းမရှိ၊ အာရုံခြောက်ပါးတို့ကို နိုင်နင်းသူများဖြစ်ပြီး၊ပညတ်၊ ပရမတ်၊ ရုပ်၊ နမ်၊ ခွဲခြားသိမြင်သည်။

နိဂုံးချုပ်အနေဖြင့်၊သွားလမ်း၊လာလမ်း၊သိဘို့ရာ၊ ဆရာ

www.dhammaransi.com



စစ်၊ ဆရာမှန်ကိုတွေ့အောင်ရှာပြီး၊ တရားမှန်ရှာဖွေ၍၊ ဆရာပေါင်းမမှားစေရန်၊ အထူးဂရုစိုက်ရပေမည်။

အကယ်၍ ဆရာပေါင်းမှားခဲ့သည်ရှိသော်၊ အမှန်လမ်းစဉ်ကိုညွှန်မပြနိုင်သည့် ပုထုဇဉ်ဆရာ၊ဒေဝဒတ်နှင့်တူသော ဆရာကို၊ဆည်းကပ်ခဲ့လျှင်၊ တသံသရာလုံးမှောက်တတ်သည်ကို၊ပထမအဆင့်ဖြင့် သတိပေးပါရစေ။

ဒုတိယအဆင့်အနေဖြင့်-သတိပေးလိုသည်မှာ၊ ဓမ္မမိတ်ဆွေများတို့သည် တရားနည်းလမ်းအမှန်ကိုရှာဖွေရာ၌၊ ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ထားခြင်းမှရှောင်ရှားစေလိုပါသည်။

ဥပမာ—ပြရလျှင် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် တို့သည် တရားစစ်တရားမှန်ကို ရှာဖွေရာ၌၊ ရှင်အဿဇိကိုအကြောင်းပြုပြီး ဘုရားရှင်ထံသို့ရောက်ခဲ့၍၊ နိဗ္ဗာန်မျက်မှောက်ပြုခဲ့ကြတယ်မဟုတ်လား၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် တို့၏မူလဆရာသည်၊ သိဥ္စည်းဆရာတော်ဖြစ်သောကြောင့်၊ အကယ်၍ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ရှိမည်ဆိုပါက၊ ၎င်းတို့သည်၊ ဘုရားရှင်ကိုယ်တော်မြတ်ထံသို့၊ မရောက်ဘဲ၊ တရားထူး၊ တရားမြတ်ဆည်းပူးလျက်၊ ကျွတ်တမ်းဝင်ကြလိမ့်မည်မဟုတ်ပါ၊ ထိုကြောင့် တရားနည်းလမ်း၊အမှန်ကိုညွှန်ပြနိုင်မည့် ဆရာစစ်၊ဆရာမှန်ကိုတွေ့အောင်ရှာပြီး၊ ယောနိသော၊ မနသိကာရ၊ မှန်ကန်သောနှလုံးသွင်းလျက်၊ကြိုးပမ်းတရားအားထုတ်ကြပါက၊ လိုရင်းနိဗ္ဗာန်သို့ ခရီးတိုတိုနှင့်ရောက်နိုင်သည်ကို ညွှန်ပြအပ်ပါသည်။

www.dhammaransi.com

(၃၆) ဗုဒ္ဓမြတ်စွာသာသနာ-ရောင်ဝါနေသို့ထွန်းစေသောဝ်။

မက်ဉာဏ်၊ဖိုလ်ဉာဏ်၊ဝိဇ္ဇာဉာဏ်၊ တောက်ပြောင်ပါစေ၊

အဘိဥာန်ပါရမီအထမြောက်ပါစေ၊

နိဗ္ဗာန်အထိ ကြံတိုင်းအောင်ပါစေ၊

ဆုတောင်းလျက်-နိဂုံးချုပ်ပါရစေ။

(အောင်ကျော်)
ရဲ့ဆရာရှိဟောင်း။
ပြည်သူ့ဆေးရုံ-တွံတေးမြို့။
ဟံသာဝတီခရိုင်။

www.dhammaransi.com

# (ခမုံဟောခွက်-ခမ္ဘစက်)

မီးလောင်တာကိုလဲမြင်ရတာ၊
ရှိ့တဲ့လူဟာတရားခံပါ၊
လောင်စာရှိလို့လောင်ကြတာ၊
လောင်စာမရှိတော့မီးငြိမ်းတာ၊

လောင်တာကိုလည်းမြင်ရတာ၊
ငြိမ်းတာကိုလည်းမြင်ရတာ၊
မြေထဲ၊ လေထဲ၊ ရေထဲနိဗ္ဗာန်ရှာထွက်များ၊
နိဗ္ဗာန်ဆိုတာတခြားမရှိပါ၊

ခန္ဓာထဲမှာနိဗ္ဗာန်ရှာ၊
မင်ဥာဏ်ဆိုက်တော့နိဗ္ဗာန်ပေါ်လာ
မာနကြီးတဲ့ဝဋ္ဋပရိုက်ပါ၊
စဏ္ဍာမီရှို့ဥပမာ၊
မီးငြိမ်းတာကိုမြင်တဲ့ရဟန္တာ။

အောင်ကျော်
တွံတေးမြို့

အေးဇမ္ဗူစာပုံနှိပ်တိုက်၊ ၂၆-ရန်ကြီးအောင်လမ်း၊
မုန့်လုပ်ဆောင်းကုန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။